# မြန်မာကလေးငယ်များနှင့် လူငယ်များအတွက် မိခင်ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ နွေရာသီသင်တန်း

သင်တန်းနေရာ — Ähtäri (အဟ်တာရီ)

အချိန်ကာလ -- 6.-10.6.2010

## သင်တန်းမှာမည်ကဲ့သို့သင်တန်းမျိုးနည်း၊

ဖင်လန်နိုင်ငံရှိ နွေရာသီ အထက်တန်းကျောင်းအသင်း သည် ဒုက္ခသည်များ၏ အသက် ၇ နှစ်မှ ၁၄ နှစ်ကြားရှိ သားသမီးများအတွက် ၄င်းတို့၏ မိခင်ဘာသာစကားနှင့်ရိုးရာဓလေ့ထုံးတမ်းများ ဆိုင်ရာ နွေရာသီသင်တန်းများကို စီစဉ်သင်ကြား ပေးလျက်ရှိပါသည်။ နွေရာသီသင်တန်းများအတွင်း မြန်မာကလေးများနှင့် လူငယ်များသည် မိမိတို့၏မိခင်ဘာသာစကား နှင့်ဇာတိဓလေ့ထုံးတမ်းများဖြင့် ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်သည်။ သင်တန်းကာလအတွင်း စိတ်ပျော်ရွှင်စွာ သင်ယူနိုင်ပြီး၊ စာသင်ခန်းပြင်ပလုပ်ရှားမှုများ၊ ပျော်ရွှင်ဖွယ်ကစားနည်းများ၊ အနုပညာ နှင့်လက်မှုပညာရပ်များနှင့် သီချင်းသီဆိုခြင်း ကခုန်ခြင်းများ စသည့်လုပ်ရှားမှုမျိုးစုံပါဝင်သည့် တစ်နေ့တာအပြည့် သင်ယူမှုအစီအစဉ် ဖြစ်ပါသည်။ သင်ကြားမည့် ဆရာ များမှာလည်း ကလေးများနှင့် ဇာတိတူ ထုံးတမ်းဓလေ့တူသောသူများဖြစ်ပါသည်။

## သင်တန်းတွင်သင်မည်သို့ ပါဝင်နိုင်မည်နည်း၊

ဤသင်တန်းတွင်ယခင်က မတက်ရောက်ဘူးသေးသော ကလေးများနှင့် မိမိတို့တက်ရောက်နေသော ကျောင်းများတွင် မိမိတို့၏ မိခင်ဘာသာစကား ပို့ချမှုမရှိသော ကလေးများကို ပထမဦးစားပေးအဖြစ် လက်ခံပါမည်၊

## သင်တန်းကြေး

သင်တန်းကြေးမှာ ယူရိုး ၆၀ ဖြစ်ပါသည်။ ဤသင်တန်းကြေးမှာ အခန်းတည်းခိုခ၊ သင်တန်းပို့ချခနှင့် သင်ယူမှုထောက်ကူပြု ပစ္စည်းများအတွက် ပါဝင်ပြီးဖြစ်ပါသည်။ သင်တန်းနေရာသို့လာရောက်ရန် သယ်ယူပို့ဆောင်ရေးစရိတ်ကို သင်တန်းသား များမှ ကျခံရမည်ဖြစ်သည်။ မိသားစုတစ်ခုမှ သင်တန်းသားတစ်ယောက်ထက် ပိုပါက ပထမ ကလေးအတွက် ၆၀ ယူရို နှင့် အခြားညီအစ်ကိုမောင်နှမများအတွက်  ၄၀ ယူရို စီကောက်ယူပါမည်။ သင်တန်းကြေးကို သတ်မှတ်ထားသောနေ့ရက်ထက်နောက် မကျစေပဲကြိုတင် ပေးသွင်းရမည်ဖြစ်ပါသည်။

## သင်တန်းမှသင့်ကိုလက်ခံကြောင်း သင်မည်သို့သိမည်နည်း။

ဖင်လန်နိုင်ငံ နွေရာသီ အထက်တန်းကျောင်းအသင်းမှ သင့်ထံသို့ပို့ပေးသော သင်တန်းသို့တက်ရောက်ခွင့်ပြုကြောင်း အကြောင်းကြားစာကို သင်လက်ခံရရှိပါမည်။ စာနှင့်အတူ လိုအပ်ပါကဆက်သွယ်ရန် ဆရာများနှင့် ဆက်သွယ်နိုင်မည့် သတင်းအချက်အလက်များပါ သင်ရရှိမည်ဖြစ်သည်။ သင်တန်းမစတင်မီ သင်မည်သည့်ပစ္စည်းများကိုပြင်ဆင်ထုပ်ပိုးရမည်၊ သင်တန်းတည်ရှိရာနေရာသို့ မည်ကဲ့သို့လာရောက်နိုင်သည်ကို ရှင်းလင်းထားသည့်အခြားစာတစ်စောင်ကိုလည်း သင်ရရှိ ပါမည်။

## သင်တန်းတက်ရောက်ရန် မည်ကဲ့သို့လျှောက်ထားရမည်နည်း။

သင်တန်းဝင်ခွင့်လျှောက်လွှာ ကို ဖြည့်စွက်၍ ဖော်ပြပါလိပ်စာ - Kesälukioseura / Summer High School Association in Finland, PO Box 115, 00161 Helsinki သို့ပေးပို့လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ မေလ ၁ ရက်နေ့ဖြစ်ပါသည်။

**သတင်းအချက်အလက်များ ပိုမိုလိုအပ်ပါက ဖင်လန်နိုင်ငံ နွေရာသီ အထက်တန်းကျောင်းအသင်းသို့ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်၊**

တယ်လီဖုန်း 09-6860 7718 သို့မဟုတ် 09-6860 770

MYANMARILAISET

# Oman äidinkielen ja kulttuurin kurssit
# Kurser i eget modersmål och kultur
## မိခင်ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ သင်တန်းများ

## Ilmoittautumislomake - Anmälningsblankett – ဝင်ခွင့်လျှောက်လွှာ

Sukunimi / efternamn / မျိုးရိုးအမည် ______________________________

Etunimi / förnamn / ကိုယ်ပိုင်အမည် ______________________________

Tyttö / flicka / မိန်းကလေး ☐      Poika / pojke / ယောကျ်ားလေး ☐

Syntymäaika / födelsedag / မွေးသက္ကရာဇ် ______________________________

Osoite / adress / လိပ်စာ ______________________________

______________________________

Puhelin / Telefon / တယ်လီဖုန်း ______________________________

Suomeen tuloaika / Ankomstid i Finland / ဖင်လန်နိုင်ငံသို့ ရောက်သည့်နေ့စွဲ

______________________________

Onko perheesi Suomessa?
Är din familj i Finland?
သင်၏မိသားစု ဖင်လန်နိုင်ငံတွင်ရှိပါသလား။

kyllä / ja / ရှိပါသည်။ ☐      ei / nej / မရှိပါ။ ☐

Onko sinulla koulussa oman äidinkielen opetusta?
Har du undervisning i modermål i skolan?
သင်၏ကျောင်းမှ သင်၏မိခင်ဘာသာစကား သင်ကြားပေးပါသလား။

kyllä / ja / သင်ကြားပေးပါသည်။ ☐      ei / nej / သင်ကြားမပေးပါ။ ☐

Oletko aikaisemmin osallistunut Kesälukioseuran kursseille?
Har du tidigare deltagit i Sommargymnasiesamfundets kurser?
နွေရာသီ အထက်တန်းကျောင်း အသင်းမှ စီစဉ်ဆောင်ရွက်သော သင်တန်းများတွင် ယခင်က တက်ရောက်ဘူးပါသလား။

kyllä / ja / တက်ရောက်ဘူးပါသည်။ ☐      ei / nej / မတက်ရောက်ဘူးပါ။ ☐

Milloin / när / မည်သည့်အချိန်ကနည်း။ ______________________________

______________________________

Päiväys
Datum
နေ့စွဲ

huoltajan allekirjoitus
målmannens underskrift
အုပ်ထိန်းသူလက်မှတ်

Palautusosoite / returadress / စာပြန်ရန်လိပ်စာ
Kesälukioseura, PL 115, 00161 Helsinki